**မှတ်ချက်။** ။ဥပဇ္ဈာယ်ဆရာသည် မိဘကဲ့သို့ အမြဲ ကြည့်ရှုဆုံးမရမည့် ဆရာရင်းဖြစ်ကြောင်း ပြခဲ့ပြီ၊ ယခုအခါ၌ကား ရဟန်းခံခါနီးဝယ် ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံ၍ အမြဲ အတူနေမည့် ဆရာရင်းရှိပါလျက် အတူနေမဟုတ်သော ဂုဏ်ကြီး ဝါကြီး မထေရ်ကြီးများကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံလေ့ရှိကြ၏၊ ထို အင်္ဂါးဆရာနှင့် တပည့်ရဟန်းတို့သည် အတော်ကြာလျှင် (စောင့်ရှောက် ဆုံးမဘို့ကို မဆိုထားဘိ) ကိုယ့်တပည့်မှန်းပင် မသိတော့ချေ၊ ထို့ကြောင့် အင်္ဂါးဆရာထက် အရင်းဆရာကိုသာ(အင်္ဂါလုံလောက်ပါလျှင်)ဥပဇ္ဈာယ်ပြုသင့်ကြသည်။

**ဥပဇ္ဈာယ်ပြောင်းနိုင်ပုံ။** ။န ဘိက္ခဝေ အညာ ပရိသာအပလာဠေတဗ္ဗာတိ ဧတ္ထ သာ-မဏေရာ ဝါ ဟောန္တု ဥပသမ္ပန္နာ ဝါ၊ အန္တမသော ဒုဿီလ-ဘိက္ခုဿာပိ ပရဿ ပရိသဘူတေ ဘိန္ဒိတွာ ဂဏှိတုံ နဝဋ္ဋတိ = သာမဏေဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် သူ့ပရိသတ်ကို ဖြားယောင်း၍ မယူအပ်၊ အယုတ်သဖြင့် ဒုဿီလရဟန်း၏ ပရိသတ်ကိုသော်မှလည်း ခွဲ၍ မယူအပ်။

အာဒီနဝံ ပန ဝတ္တုံ ဝဋ္ဋတိ–"တယာ နှာယိတုံ အာဂတေန ဂူထမက္ခနံ ဝိယ ကတံ ဒုဿီလံ နိဿာယ ဝိဟရန္တေန=ဒုဿီလဆရာကို မှီ၍နေသော သင်ဟာ ရေချိုးမည်ဟု လာပြီး မစင်ဖြင့် သုတ်လိမ်းမှုကို ပြုနေတာနဲ့ တူနေပြီ၊ သစေ သော သယမေဝ ဇာနိတွာ ဥပဇ္ဈာယံ ဝါ နိဿယံ ဝါ ယာစတိ, ဒါတုံ ဝဋ္ဋတိ=(ဒီလိုပြောတာနဲ့)သူ့ဘာသာ သဘောပေါက်ပြီးကိုရင်ဖြစ်သူက ဥပဇ္ဈာယ်တောင်းလျှင် ဥပဇ္ဈာယ်ပေး